# ဒုတိယအကြိမ် ပါတီညီလာခံ ထုတ်ပြန်ကြေညာချက်

၁။ ချင်းအမျိုးသားတပ်ဦး၏ ဒုတိယအကြိမ်ညီလာခံကို ဝိတိုရိယစခန်း၊ ချင်းလဲန်တွင် ၁၉၉၇ ခုနှစ်၊ ဇွန်လ(၂၀)ရက် နေ့မှ ဇူလိုင်လ (၈)ရက်နေ့ထိ အောင်မြင်စွာ ကျင်းပခဲ့သည်။ ယင်းညီလာခံတွင် နယ်မြေအရပ်ရပ်မှ တပ်ဦးအဖွဲ့ ဝင်ကိုယ်စားလှယ်တော်များနှင့် နိုင်ငံတကာမှ ချင်းအမျိုးသားလေ့လာသူများအပါအဝင် စုစုပေါင်း(၆၅)ဦး တက်ရောက်ခဲ့ကြသည်။

၂။ ညီလာခံကို ချင်းအမျိုးသား နိုင်ငံရေးဦးဆောင်ပါတီဖြစ်သော ချင်းအမျိုးသားတပ်ဦးအား ကျစ်လစ်ခိုင်မာအောင်တည်ဆောက်ရေး၊ ချင်းအမျိုးသားတော်လှန်ရေးတွင် ပြည်သူစွမ်းအားပါဝင်မှု ပိုမိုမြှင့်တင်ရေးနှင့် နိုင်ငံတကာမိသားစု၊ မဟာမိတ်အင်အားစုများနှင့် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးစသည့် ဦးတည်ချက်(၃) ဖြင့် ကျင်းပခဲ့သည်။

၃။ ဤညီလာခံကြီးက ၁၉၉၇–ခုနှစ်၊ ဇန္နဝါရီ(၇)ရက်မှ(၁၄)ရက်နေ့အထိ မယ်သရောထတွင်ကျင်းပသော တိုင်းရင်း သားလူမျိုးများ နီးနှောဖလှယ်ပွဲကြီး၏ သဘောတူညီချက်ကို ထိန်းသိမ်းပြီး ဆက်လက်အကောင်အထည်ဖော် သွားရန်နှင့် ဘဝတူတိုင်းရင်းသားတော်လှန်ရေးအင်အားများ သွေးစည်းညီညွတ်ရေး ပိုမိုမြှင့်တင်ရန် အလေး အနက်ခံယူထားသည်။
တချိန်တည်းမှာပင် ဘုံရန်သူ နဝတ(နိုင်ငံတော်ငြိမ်ဝပ်ပြားမှုတည်ဆောက်ရေးအဖွဲ့) စစ်အုပ်စု၏ အုပ်စိုးမှုလုံးဝ ချုပ်ငြိမ်းစေရန် တိုက်ပွဲဝင်ရာတွင် ဒေါ်အောင်ဆန်းစုကြည်ဦးဆောင်သော ဒီမိုကရေစီအင်အားစုနှင့်အတူ လက်တွဲ၍သော်လည်းကောင်း၊ အပြန်အလှန်အထောက်အကူ ပြုခြင်းအားဖြင့်သော်လည်းကောင်း ဆက်လက်တိုက် ပွဲဝင်သွားမည်ဟု သဓိဋ္ဌာန်ချခဲ့သည်။

၄။ နဝတမှ ကမ်းလှမ်းလာသော အပစ်အခတ်ရပ်စဲရေးသည် နိုင်ငံရေးဆွေးနွေးမှုပါဝင်သဖြင့် စစ်မှန်သောပြည် တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မည်မဟုတ်ပါ။ သို့ဖြစ်ပါ၍ ကုလသမဂ္ဂမှ တောင်းဆိုပြီး ဒေါ်အောင်ဆန်း စုကြည်က ထောက်ခံသော “သုံးပွင့်ဆိုင်ဆွေးနွေးမှု” ကသာလျှင် ယနေ့ကြုံတွေ့နေရသော နိုင်ငံရေးပြဿနာ ကို ဖြေရှင်းနိုင်မည်ဟု ယုံကြည်သည်။

၅။ ဒုတိယအကြိမ် ပါတီညီလာခံသည် ချင်းအမျိုးသားတပ်ဦး၏ ရည်မှန်းချက်ပန်းတိုင်ကို အောက်ပါအတိုင်း ချမှတ် ခဲ့သည်။

(၁) စစ်မှန်သော ဒီမိုကရေစီတည်ထောင်ရန်၊ ဤသို့ တည်ထောင်ရာတွင် ၊–
- (က) အမျိုးသားပြည်နယ်များကို အခြေခံသော ဖက်ဒရယ်ပြည်ထောင်စု တည်ထောင်ရန်၊
- (ခ)အမျိုးသားပြည်နယ်များ၏ ခွဲထွက်ခွင့်ကို ပြည်ထောင်စုဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းရန်၊
- (ဂ) ပြည်ထောင်စုတပ်မတော်ကို အမျိုးသားပြည်နယ်များ၏ တပ်မတော်မှ တူညီသော တပ်အင်အားဖြင့် ဖွဲ့စည်းရန်၊

(၂) ချင်းအမျိုးသားတရပ်လုံး ကိုယ့်ကြံမ္မာကိုယ်ဖန်တီးခွင့် ပြန်လည်ရရှိရန်၊

(၃) ချင်းအမျိုးသားတရပ်လုံးနှင့် ချင်းလဲန်ပြည်သူများ စည်းလုံးညီညွတ်ရေးကို ပိုမိုကျစ်လစ် ခိုင်မာစေရန်၊

(၄) ချင်းအမျိုးသားများ ပိုင်နက်အတွင်း ငြိမ်းချမ်းရေး၊ ဥပဒေစိုးမိုးရေး၊ တရားမျှတရေးနှင့် တန်းတူရေးတို့ကို ကာကွယ် ထိန်းသိမ်းရန်၊

(၂) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာများနှင့် လူနေမှုအဆင့်အတန်းတရပ်လုံး မြင့်တင်ရေးအတွက် ချင်းလဲန် ပြည်သူများ နှင့် အတူအကွ ဖော်ဆောင်သွားရန်၊

၆။ ဒုတိယအကြိမ် ပါတီညီလာခံမှ အောက်ဖော်ပြပါ ဗဟိုကော်မီတီဝင်များအား ချင်းအမျိုးသားတပ်ဦးကို ဦးဆောင်သွားရန်၊ ဒီမိုကရေစီနည်းလမ်းအရ ညီလာခံကိုယ်စားလှယ်များက လျှို့ဝှက်မဲဖြင့် ရွေးချယ်တင် မြှောက်ခဲ့သည်။

Chin National Front – General Headquarters, Chinland

| | |
|---|---|
| (၁) သောမတ်စ်ထန်နိုး | ဥက္ကဌ |
| (၂) ဇင်ကျုံး | ဒု – ဥက္ကဌ |
| (၃) ဘင်ဂျာမင်သူရိန် | အထွေထွေအတွင်းရေးမှူး |
| (၄) ခွါအုပ်လျှန် | တွဲဖက်အထွေထွေအတွင်းရေးမှူး |
| (၅) ဒေါက်တာရွှေခါရ်ိး | အဖွဲ့ဝင် |
| (၆) ထန်ယဲန်း | အဖွဲ့ဝင် |
| (၇) ထပ်ကြီး | အဖွဲ့ဝင် |
| (၈) ရာလ်နှင်း | အဖွဲ့ဝင် |
| (၉) ပေါလ်ဆီတာ | အဖွဲ့ဝင် |
| (၁၀) မာလ်ဆောမ်လျှန်နာ | အဖွဲ့ဝင် |
| (၁၁) ဆောလမွန် | အဖွဲ့ဝင် |
| (၁၂) ဆန်နီငွန်အွေး | အဖွဲ့ဝင် |
| (၁၃) ကမ်ဒိုဒါလ်း | အဖွဲ့ဝင် |
| (၁၄) အုပ်လျှန်ထန်း | အဖွဲ့ဝင် |
| (၁၅) ချန်မှုန်း | အဖွဲ့ဝင် |

၁၉၉၇ ခုနှစ်၊ ဇူလိုင်လ (၉)ရက်နေ့ ဗဟိုကော်မီတီ

Chin National Front – General Headquarters, Chinland